# နံ့သာဖြူ

နံ့သာဖြူဆိုသည်မှာ မျိုးစု **Santalum** တွင် ပါဝင်သော မွှေးကြိုင်သောအနံ့ရှိသည့် သစ်များကို ခေါ်ခြင်းဖြစ်ပါသည်။ နံ့သာဖြူပင်၏အသားမှာ အဝါရောင်ရှိ၍ အလေးချိန်စီးပြီး အသားနုညက်ပါသည်။ အခြားအမွှေးနံ့သာများနှင့် မတူဘဲ နံ့သာဖြူ၏ အနံ့သည် နှစ်ရာထောင်ချည်းမျှအနံ့ ရှိနေပါသည်။ အနှစ်ကို အသုံးပြုသကဲ့သို့ပင် အဆီထုတ်၍လည်း အသုံးပြုနိုင်ပါသည်။ နံ့သာဖြူ၏အနှစ်နှင့်အဆီ နှစ်မျိုးလုံးတွင်ရှိသည့် အနံ့သည် ရာစုနှစ်များစွာ တိုင်အောင် မွှေးပျံ့နေပါသည်။ သို့ရာတွင် ၎င်းအပင်မှာ ဖြစ်ထွန်းမှုနှေးသော အပင်ဖြစ်၍ တပင်လုံးခုတ်ယူ အသုံးပြုကြသည့်အတွက် ဧရိယာများစွာမှာပင် ရှားပါးလာသောသစ်ပင် ဖြစ်လာပါသည်။

# နံ့သာဖြူအစစ်

နံ့သာဖြူပင်သည် အပင်အလယ်အလတ်အရွယ်သာရှိသော သစ်ပင်အမျိုးအစား ဖြစ်၍ ကပ်ပါးပင် အမျိုးအစား ဖြစ်ပါသည်။ အခြားအပင်၏ အမြစ်ကို မှီခိုစားသောက်ရမှ ကြီးထွားသော အပင်အမျိုးအစားဟုဆိုလိုခြင်း ဖြစ်ပါသည်။

နံ့သာဖြူ(နှစ်)မျိုးရှိပါသည်။

(၁) အိန္ဒိယနံ့သာဖြူ **Indian Sandal Wood (Santalun album)**နှင့်

(၂) ဩစတေးလျနံ့သာဖြူ **Australian Sandal Wood (Santalun spicater)**တို့ ဖြစ်ပါသည်။ မွှေးသောအနံ့ရှိသော သစ်သားလုံးကို "နံ့သာ"သစ် ဟုခေါ်ဆိုနိုင်ပါသည်။ သို့ရာတွင် မွှေးသော သစ်အားလုံးသည် နံ့သာဖြူ မဟုတ်ပါ။ သစ်မွှေး ဟုခေါ်နိုင်သော အနံ့ရှိသော သစ်များကို အိန္ဒိယ၊ သီရိလင်္ကာ၊ ဩစတေးလျ၊ အင်ဒိုနီးရှားနှင့် ပစိဖိတ်ကျွန်းစုများတွင် တွေ့နိုင်ပါသည်။

**Santalum album** ခေါ် အိန္ဒိယနံ့သာဖြူမျိုးမှာ ခြိမ်းခြောက်ခံနေရသော သစ်အမျိုးအစားဖြစ်လာပြီး ရှားပါး သော သစ်ဖြစ်လာပါသည်။ ဤနံ့သာဖြူမှာ အိန္ဒိယတောင်ပိုင်း၏ဒေသပေါက်ပင် ဖြစ်ပါသည်။ ယင်းနံ့သာဖြူပင်ကို **“ဂတ်ပြည်နယ်” (Ghats)** အနောက်ပိုင်းနှင့် **“ကေလာယန်” (Kalaryan)** နှင့် သီဗါရီ **(Shevaray)** ကဲ့သော တောင်တန်းဒေသနယ်ပယ်တွင် စိုက်ပျိုးကြပါသည်။

နံ့သာဖြူပင်မှာ အိန္ဒိယနှင့် နီပေါနိုင်ငံတို့တွင် နိုင်ငံပိုင်သစ်ပင်များ ဖြစ်သော်လည်း တရားမဝင် ခုတ်လှဲနေကြပါသည်။ နံ့သာဆီတစ်ကီလိုမှာ ဒေါ်လာ(၁၀၀၀ မှ ၁၅၀၀)အထိ မြင့်တက်လျှက်ရှိပါသည်။ အချို့သော နိုင်ငံများက နံ့သာဆီကူးသန်းရောင်းဝယ်မှုမှာ အန္တရာယ်ရှိသောအဆင့် ဖြစ်နေသည်ဟုဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် လွန်လွန်မင်းမင်း ခုတ်လှဲကြသော အပင်ဖြစ်သောကြောင့် ဖြစ်ပါသည်။

မိုက်ဆိုး **(Mysore)**ပြည်နယ် **“ကာနတ်တကာ” (Karnataka)**နှင့် အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ **“ကေရာလ” (Kerala)**ခရိုင်၊ **“မာရယူ” (Marayoor)** သစ်တောမှထွက်သော နံ့သာဖြူများမှာ အရည်အသွေးအကောင်းဆုံး ဟုဆိုပါသည်။

**တမိနာဒူးပြည်နယ်**တွင် အပြည်ပြည်ဆိုင်ရာ အထောက်အပံ့ဖြင့် နံ့သာဖြူ သစ်တောများ ပြန်လည်ထူထောင်လျှက်ရှိပါသည်။

ဩစတေးလျနိုင်ငံ အနောက်ပိုင်းရှိ **“ကွန်နွန်နူဒါ” (Kununurra)** ပြည်နယ်တွင် အိန္ဒိယနံ့သာဖြူကို ကျယ်ပြန့်စွာ စိုက်ပျိုးလျှက်ရှိသည်။

ဟာဝေယန်ကျွန်းမှ ထွက်ရှိသော နံ့သာဖြူ (၃)မျိုးမှာလည်း အရည်အသွေး မြင့်မားသော နံ့သာဖြူများ ဖြစ်သည်ဟု ဆိုပါသည်။

ဩစတေးလျနံ့သာဖြူမှာ နံ့သာကုထုံးအဖြစ် အသုံးပြုခြင်းနှင့် ရေမွှေးထုတ်လုပ်သည့် လုပ်ငန်းများတွင် အသုံးပြုလျှက်ရှိပါသည်။ ထိုနံ့သာဆီမှာ အခြားသောနံ့သာသစ်များမှ ရရှိသောဆီများနှင့် များစွာကွာခြားပါသည်။ (၁၈၄၀) ခုနှစ်များမှစ၍ အနောက်ပိုင်း ဩစတေးလျနိုင်ငံအနေဖြင့် နံ့သာဖြူသည် အဓိကနိုင်ငံခြားဝင်ငွေရသော ကုန်ပစ္စည်း ဖြစ်လာသည်ဟုဆိုပါသည်။

ယခုအခါ၌ ဩစတေးလျနိုင်ငံသည် အိန္ဒိယနံ့သာဖြူကို အများဆုံး ထုတ်လုပ်သော နိုင်ငံ ဖြစ်နေပါသည်။ အဓိကစိုက်ပျိုးသောခရိုင်မှာ **"ကွန်နွန်နူအါ"** ဖြစ်ပါသည်။ ဩစတေးလျအနောက်ပိုင်းမှ ထွက်ရှိသောနံ့သာဖြူ၏ ဈေးနှုန်းသည် တစ်တန်လျှင် ဩစတေးလျ ဒေါ်လာ(၁၅၀၀၀)ဖြစ်ပြီး မှောင်ခိုဈေးကွက်တွင် တစ်တန်လျှင် ဩစတေးလျ ဒေါ်လာ(၂.၅)သန်း ရှိသည်ဟုဆိုပါသည်။

နံ့သာဖြူထုတ်လုပ်ရာတွင် အခြားသော သစ်ပင်များနှင့်မတူဘဲတစ်ပင်လုံးအမြစ်မှ တူးထုတ်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အနှစ်နှင့်အမြစ်များအားလုံး အသုံးပြုနိုင်ပါသည်။

## နံ့သာဖြူအသုံးပြုပုံ

နံ့သာဖြူအဆီကို ရေမွှေးထုတ်လုပ်ရာတွင် အခြေခံအတွက် အသုံးပြုပါသည်။ နံ့သာဖြူမှာ အခြားသော အမွှေးသစ်များကဲ့သို့ပင် ဖြစ်သော်လည်း နံ့သာဖြူအနှစ်မှာ တောက်ပသောအရောင်ရှိ၍ မွှေးကြိုင်ပါက လန်းဆန်း စေသော အစွမ်းရှိပါသည်။ နံ့သာဖြူအဆီကို ရေမွှေးပြုလုပ်ရာတွင် အနည်းငယ်မျှသာ ထည့်ရုံဖြင့် စွဲမက်ဖွယ် အနံ့ကို ဖြစ်စေပြီး ရှူရိုက်ပါက စိတ်ကိုလန်းဆန်းသွားစေပါသည်။

အိန္ဒိယပြည်တွင် နံ့သာဖြူကို ရေမွှေးပေါင်းဒါစသည့် အလှကုန်များပြုလုပ်ရာတွင် အသုံးပြုပါသည်။ နံ့သာဖြူသစ်မှာ နိုင်ငံတော်မှ တားမြစ်ကာကွယ်ထားသော သစ်ဖြစ်၍ လိုအပ်သလောက်မရနိုင်ပါ။ အနံ့ထွက်သောသစ်များကို နံ့သာဖြူအဖြစ် ရောင်းချလျှက် ရှိပါသည်။ အနံ့ရှိသော သစ်အမျိုးပေါင်း (၁၉)မျိုးရှိသည်ဟုဆိုပါသည်။ ထိုအနံ့ရှိသော သစ်များ၏အနံ့သည် လအနည်းငယ်အတွင်းမှာပင် အနံ့ပျောက်သွားသော်လည်း နံ့သာဖြူ အစစ်မှာမူ နှစ်ရာနှင့်ချီသော်လည်း အနံ့ပျယ်ခြင်းမရှိပါ။

## မြန်မာနိုင်ငံနှင့်နံ့သာဖြူ

မြန်မာနိုင်ငံ၌ နံ့သာဖြူပင်ကို လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အောက်ရှိ မြေကျေးရှင်းပုပ္ပါးစပျစ်ခြံမှ ထိန်းသိမ်းထားသော ပုပ္ပါးတောင်မကြီးရှိ **"နာယောင်ဥယျာဉ်ခြံ"**တွင် (၁၉၅၆) ခုနှစ်၌ အိန္ဒိယမှရရှိသော စန္ဒကူးပင် (၁၉၄)ပင်ကို စမ်းသပ်စိုက်ပျိုးခဲ့ပါသည်။ (၁၉၇၈) ခုနှစ်၊ ဧပြီလတွင် အကြံပေးအရာရှိဦးစုသည် နံ့သာဖြူပင်ကို စမ်းသပ်၍ ထုတ်ယူခဲ့သည်ဟုဆိုပါသည်။

## နံ့သာဖြူစိုက်ပျိုးခြင်း

နံ့သာဖြူကို မြန်မာပြည်အရပ်ရပ်တွင် စိုက်ပျိုးနိုင်ပါသည်။ သို့ရာတွင် ဤအပင်သည် ရာသီဥတုအနည်းငယ်အေး၍ မိုးရေချိန် အသင့်အတင့်ရရှိပြီး နေရောင်ကောင်းစွာရ၍ ခြောက်သွေ့သောရာသီဥတု ကြာရှည်ရရှိသောဒေသများတွင် ပိုမိုဖြစ်ထွန်းပါသည်။

နံ့သာဖြူပင်၏ အမြစ်များမှာ အခြားအပင်၏ အမြစ်များကို မှီခိုစားသောက်ပြီးမှ ကြီးထွားနိုင်သော ကပ်ပါးပင်မျိုး ဖြစ်ပါသည်။ ထို့ကြောင့် နံ့သာဖြူပင်ကို စိုက်ပျိုးရာတွင် ပျိုးပင်အရွယ် (၈)လက်မခန့်အရွယ်ရောက်လျှင် ယင်းမှီခိုစားသောက်နိုင်သော မျိုးစေ့တစ်မျိုးမျိုးကို ထည့်၍စိုက်ပျိုးရန် လိုအပ်ပါသည်။ စိုက်ပျိုးနိုင်သော မှီခိုအပင် အမျိုးအစားများကို အောက်တွင်ဆက်လက်ဖော်ပြထားပါသည်။

နံ့သာဖြူကိုအစေ့မှ စိုက်မည်ဆိုလျှင် တိုက်ရိုက်မြေတွင်ဖြစ်စေ၊ ပျိုးဗူး၊ ပျိုးခွက်တွင် ထည့်၍ဖြစ်စေ စိုက်နိုင်ပါသည်။ ထိုသို့ စိုက်ပျိုးရာတွင် မျိုးစေ့ကို တစ်လက်မ၏ လေးပုံ (၃)ပုံမှ တစ်လက်မထက်ပို၍ မြှုပ်၍မစိုက် သင့်ပါ။ ထိုသို့ မျိုးစေ့ထည့်ပြီးပါက ရေကိုနေ့စဉ် လောင်းပေးရန် လိုအပ်ပါသည်။

ပလပ်စတစ်အိတ်ဖြင့် စိုက်ပျိုးမည်ဆိုလျှင် ပလပ်စတစ်အိတ်အရွယ်အစားမှာ ၄"×၆"၊ ၅"×၆"၊ ၅" × ၇" အရွယ် ပလပ်စတစ်အရွယ်များကို အသုံးပြုနိုင်ပါသည်။ ထိုသို့ ပလပ်စတစ်အိတ်ဖြင့် ပျိုးထောင်လျှင် ပလပ်စတစ်အိတ်အား ရေစိမ့်ရန်အတွက် အပေါက်(၄)ပေါက် အနည်းဆုံးဖောက်ပေးရန် လိုအပ်ပါသည်။

ပလပ်စတစ်တွင် ထည့်သွင်းရမည့် ပျိုးပင်ပျိုးထောင်ရန်မြေမှာ နုံးမြေ (၂)ဆ၊ နွားချေးမြေဆွေး (၁)ဆ၊ သဲ(၁)ဆတို့ကို သမအောင်ရောစပ်၍ ဆံကာချပြီးမှ ထည့်ရပါမည်။ မျိုးစေ့မထည့်မီ ပျိုးအိတ်များကို ရေနပ်အောင်လောင်းရပါမည်။ ပျိုးအိတ်တစ်အိတ်တွင် မျိုးစေ့(၂)စေ့ထည့်ရပါမည်။ မျိုးစေ့များထည့်ပြီး နေ့စဉ်ရေမှန်မှန်လောင်း ပေးရပါမည်။ ရေလောင်းရာတွင် ပျိုးအိတ်တွင် ရေမများလွန်းရန် သတိပြုရန် လိုအပ်သကဲ့သို့ ပျိုးအိတ်တွင်းမှ မြေများ ခြောက်မသွားရန်လည်း အရေးကြီးပါသည်။

နံ့သာဖြူစေ့သည်(၄)ပတ်မှ (၈)ပတ်အထိကြာမှ ပေါက်တတ်ပါသည်။

နံ့သာဖြူပင်ကို နှစ်ခြင်းမစိုက်နိုင်သေးပါက ပျိုးအိတ်အရွယ်အစား ၆" × ၈"၊ ၈" × ၁၀" စသည်ဖြင့် ပျိုးအိတ်ပြောင်းပြီး နောက်တစ်နှစ်အထိ ဆက်မွေးနိုင်ပါသည်။

ပျိုးပင်စိုက်ပျိုးမည့်မြေကို (၁)ပေအကျယ် (၁)ပေအနက်တူးရပါမည်။ ထိုကျင်းတွင် အပေါ်ယံမြေ (၁)ဆ၊ နွားချေးမြေဆွေး (၁)ဆ၊ သဲ (၁)ဆနှုန်းရော၍ထည့်ပြီး ရေနှပ်ပြီးမှ စိုက်ရပါမည်။ နံ့သာဖြူကို တစ်ပင်နှင့် တစ်ပင်(၆)ပေခွာ (သို့မဟုတ်) (၉)ပေ (၄)ပေစနစ်ဖြင့် တစ်ဧကအပင် ၁၂၀၀ ဝန်းကျင်စိုက်နိုင်ပါသည်။

မြေလွတ်၊ မြေလတ်မရှိပါက ခြံစည်းရိုးတွင် တစ်ပင်နှင့် တစ်ပင် (၄)ပေခွာ၍ နေရာရသလောက် စိုက်ထားနိုင်ပါသည်။

စိုက်ချိန်မှာ မိုးဦးကျစ ဇွန်လမှ အောက်တိုဘာလအတွင်းစိုက်ရန် ဖြစ်ပါသည်။

## အသင့်လျော်ဆုံးသောမြေ

နံ့သာဖြူပင်သည် မြေနီသဲဝမ်းမြေ၊ ခဲမြေ၊ ကျောက်စရစ်ဆန်သောမြေစသည့် မြေညံ့များတွင် ပိုမိုသင့်လျော် ပါသည်။ ဆပ်ပြာပေါက်သောမြေ၊ စိမ့်စွဲသောမြေများတွင် မစိုက်ရပါ။ နုန်းဆန်၍ ရေစိမ့်ဝင်မှုကောင်းသော မြေများတွင် စိုက်ပါက အပင်ဖြစ်ထွန်းမှု လျင်မြန်သော်လည်း အဆီပါဝင်မှုတွင် လျော့နည်းနိုင်ပါသည်။ မြေညံ့များတွင် ဖြစ်ထွန်းသော နံ့သာဖြူပင်များတွင် အဆီဓာတ်ပိုမိုပါဝင်ပါသည်။ မြေကောင်းများတွင် ဖြစ်ထွန်းနိုင်သော်လည်း ရေဝပ်ဒဏ်ကိုမူ မခံနိုင်ပါ။

## အသင့်လျော်ဆုံးသောရာသီဥတု

နံ့သာဖြူသည် အနည်းငယ်အေး၍ မိုးရေချိန် အသင့်အတင့်ဖြင့် နေရောင်ခြည်ကောင်းစွာရပြီး ခြောက်သွေ့သောရာသီဥတုရှိသည့် ဒေသများတွင် ဖြစ်ထွန်းပါသည်။

နံ့သာဖြူကို ပင်လယ်ရေမျက်နှာပြင်မှ ပေ ၃၀၀၀ ကျော်အမြင့်အထိ စိုက်နိုင်ပါသည်။ မိုးရေချိန် လက်မ (၄၀ မှ ၁၀၀)အတွင်း အကောင်းဆုံးဖြစ်ထွန်းပါသည်။

တစ်နှစ်ကျော်၍ နံ့သာဖြူပင်၏အမြင့်သည် ပထမနှစ်တွင် (၁)ပေခွဲ (၂)ပေရှိလျှင် ရှင်သန်ရန် စိတ်ချရပါပြီ။ နောင်နှစ်များတွင် အပင်ခြေ၌ ပေါင်းမြက်များ၊ နွယ်ပင်များမရှိအောင် ဂရုပြုရန် လိုအပ်ပါသည်။

နံ့သာဖြူပင်ကို (၅)နှစ်ခန့်အထိ လူရိုးယူမှာကို မစိုးရိမ်ရပါ။ (၅)နှစ်နောက်ပိုင်းတွင်မူ လုံခြုံအောင် ဂရုစိုက်ရန် လိုအပ်ပါသည်။

## ခုတ်ယူခြင်း

နံ့သာဖြူပင်ကို အပင်သက်(၈)နှစ်မှစ၍ ခုတ်ယူနိုင်ပါသည်။ သို့ရာတွင် နှစ်ကြာကြာထားလေ တန်ဘိုးမြင့်လာလေ ဖြစ်သည်ကို သတိပြုရပါမည်။ (၈)နှစ် အရွယ်တွင် အနှစ်အသား(၁)ပိဿာခန့် ရနိုင်ပြီ ဖြစ်ပါသည်။

နံ့သာဖြူပင်ကို အနှစ်ထုတ်ရာတွင် အမြစ်မှတူးယူရသည်ဖြစ်၍ မလိုအပ်သေးလျှင် မခုတ်သေးဘဲ ထားနိုင်ပါသည်။

## အမှီပင်များ

နံ့သာဖြူပင်၏ အမြစ်များသည် အခြားအပင်များ၏အမြစ်ကို မှီတွယ်ရမှ ဖြစ်ထွန်းပါသည်။ နံ့သာဖြူပင်အတွက် အမှီပင်အဖြစ် စိုက်ပျိုးနိုင်သော အပင်မျိုးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ရှား၊ ထနောင်း၊ မလေးရှားစကား၊ ဆူးဖြူ
- မယ်ဇလီ၊ ကုက္ကို၊ ဘောဇကိုင်း၊ ပြည်ပန်းညို၊
- ဝါးမျိုးနွယ်ပင်များ
- ကသစ်
- ဝါ၊ ပေါက်ပန်းဖြူ ပေါက်ပန်းနီ
- ကျွန်းဗို၊ ချဉ်ပေါင်၊ ကြောင်ပန်း၊ ဖြတ်စသည့်အပင်မျိုးပေါင်း (၃၆၀)ကို အမှိုအဖြစ်ပူးတွဲ၍ စိုက်နိုင်ပါသည်။

## ပြုစုခြင်း

နံ့သာဖြူပင်မှာ ကလေးငယ်ကို ပြုစုရသကဲ့သို့ပင် ပထမနှစ်၌ အထူးဂရုပြု၍ ပြုစုပေးရန် လိုအပ်ပါသည်၊ နံ့သာဖြူပင်၏ ပတ်လည်၌ ပေါင်းမြက်များမရှိအောင် အထူးသဖြင့် နွယ်ပင်များ မရှိအောင် ဂရုပြုရပါမည်။ အပင်မြေကို တစ်လလျှင်တစ်ကြိမ်အနည်းဆုံး မြေဆွပေးရပါမည်။

နံ့သာဖြူပင်မှာ ပထမနှစ်၊ အပင်ငယ်များ၌ ရောဂါကျရောက်မှု ဒဏ်မခံနိုင်ပါ။ ထိုကြောင့် တစ်လလျှင် တစ်ကြိမ် မိုးရာသီတွင် မှိုဆေးဖြန်းပေးရပါမည်။ မှိုကျပါက အရွက်များအားလုံး ကြွေကျသွားပြီး ဆက်လက် မရှင်သန်နိုင်ပါ။ ဆောင်းရာသီတွင် မှိုဆေးကို(၃)ပတ်လျှင်တစ်ကြိမ်နှုံးဖျန်းပေးရန် လိုအပ်ပါသည်။

## ဈေးကွက်

အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ

# နံ့သာဖြူတစ်ပင်၏ နှစ်ကြာသည်နှင့်အမျှ ပိုမိုရရှိနိုင်သောတန်ဖိုး

